(ဋ) လမ်းသားတည်ဆောက်ရာတွင် ယာဉ်နှင့်ကုန်အလေးချိန်စုစုပေါင်း အနည်းဆုံး(၆၀)တန်ခံနိုင်ရန် တည်ဆောက်ပေးရမည်။

(ဌ) တံတားများတည်ဆောက်ရာတွင် (AASHTO HS 20-44 လမ်းမကြီးများသတ်မှတ်စံချိန်စံညွှန်းအရ) ယာဉ်နှင့်ကုန် စုစုပေါင်းအလေးချိန် (၆၀) တန် ခံနိုင်ရန်တည်ဆောက်ပေးရမည်။ တံတားအပေါ်ပိုင်းကိုယ်ထည်မှာ သံမဏိသံဘောင်တံတား (သို့မဟုတ်) သံအားဖြည့်ကွန်ကရစ်တံတားကိုယ်ထည်များ ဖြစ်စေရပါမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ တာဝန်များ

၄။ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်း-တံတားများအား B.O.T စနစ်ဖြင့် လုပ်ကိုင်မှုကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က ကြီးကြပ်ကွပ်ကဲမှုပေးရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ မိမိထားရှိရသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောခွင့်ပြုမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၏ အတည်ပြုချက်၊ သဘောတူညီချက်နှင့် ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ပေးရမည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် အဆိုပြုထားသောလမ်းကြောင်း တန်းမှ အတိုင်းရရှိစေရန် ပြည့်ဆည်းဆောင်ရွက်ပေးရမည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် သတ်မှတ်ထားချိန်အတွင်း လုပ်ငန်းလုပ်ပြီးစီးပါက လုပ်ငန်းစီမံကိန်း၏ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် (Final Completion Certificate) ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အား ထုတ်ပေးရမည်။ လမ်းအသုံးပြုခ ကောက်ခံခြင်းကိုလည်း ခွင့်ပြုရမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များ

၅။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤစာချုပ်ပါလမ်းအပိုင်းအတွက် လမ်းတံတားအသုံးပြုခ ကောက်ခံရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းအတိုင်းအတာပမာဏကို ဆောင်ရွက်ရန်နှင့် ပံ့ပိုးပြုခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ခြင်းနှင့် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ ပျက်ကွက်မှုတစ်ခုခုအတွက် ပြင်ဆင်ပြုပြင်ခြင်းတို့ကို သဘောတူပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည်အပိုဒ် ၂ နှင့် ၃ ပါလုပ်ငန်းများကိုပြီးဆုံးအောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး သီးခြားကုမ္ပဏီ တစ်ခုကို ဖွဲ့စည်း၍ အဆိုပြုသည့်လမ်းအပိုင်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြုလုပ်လိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ရယူ၍ ပြုလုပ်နိုင်သည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ကြီးကြပ်သူ၊ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သောအရာဝတ္ထုများကို ပြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပံ့ပိုးပြုပြင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

(စ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့်လုပ်ငန်းများအားလုံးရှိ လုပ်ငန်းခွင်နေရာများအား လုံခြုံမှု၊ တည်ငြိမ်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်တွင်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏ လုပ်အားခ၊ နေအိမ်၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

(ဇ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေး အန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ဈ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပုံစံပြုဆောင်ရွက်မှုဉီးနှင့် လုပ်ငန်းဆောင်ရွက်သည့်ကာလ အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် (Final Completion Certificate)ရရှိသည့်အထိ ပြုလုပ်ပေးရမည်။ (Final Completion Certificate) ရရှိပြီး "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခ ကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ပမှအလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပစ္စည်း၊ ထုတ်ကုန်(သို့မဟုတ်)ကိရိယာတန်ဆာပလာများ ဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး(သို့မဟုတ်)အများကိုလွှဲပြောင်း ပြောင်းလဲနိုင်သည်၊ တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့် ရသူ အားလုံးသည် "လုပ်ငန်းလုပ်ကိုင် ခွင့်ရသူ"၏အမည်ကိုသာရယူရမည့်အပြင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏သဘောတူ ညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် လမ်းနှင့်တံတားများ၏ပုံစံအတွက် အဆိုပြုချက် တင်သွင်း ရမည်၊ သို့ရာတွင် ယင်းတို့သည် အသေးစိတ်ပေါ်ပြုချက်ပါ လိုအပ်ချက်များထက်အဆင့် မနိမ့် စေရ၊ အဆိုပြုချက်အသစ်တင်ပြရန် လိုအပ်သောအခါ အဆိုပြုချက်အသစ်အရ ဆောင်ရွက်ရာ တွင် ဆောင်ရွက်လုပ်မည့်အချိန်ဇယားအသည်နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖေါ်ပြထားသည့်လမ်း၏ လမ်းကြောင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့် ပြုသူ" ၏ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာ အတွင်းနှင့်အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် ရေ၊လေ၊ မြေအား ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အနေအထားပျက်စီးမှုမရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် အတူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင်မဆောင်ရွက်နိုင်လျှင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ စာဖြင့်ရေးသား ၍ တောင်းဆိုမှုပြုနိုင်သည်၊ ယင်းတောင်းဆိုချက်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက် များပါဝင်ရမည်၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် ယင်းတင်ပြချက်အပေါ်အထားများ အပေါ်အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားလာသည့် ဒေသအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် "လုပ်ငန်းလုပ်ကိုင် ခွင့်ရသူ" သည် သစ်တောဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏စာဖြင့်ရေးသားထား သောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှား ရမ်းခြင်းမပြုရ။

(ဒ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံမှ လုပ်ငန်း စတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည်လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်းဒီမကိန်း နယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာထိန်းသိမ်းထားရှိရမည်၊ ထို့အပြင်လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သော အနေအထားရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း၊ ဆက်ကြောင်း အပျိုးမိုးကြောင့် ပျက်စီးမှုဖြစ်ပွားသွား၍ စီချိန်စည်းနှင့်အညီ ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည့် လမ်း-တံတား (လေယာဉ်တံတားများ မပါဝင်ပါ)လုပ်ငန်းများကိုလည်းကောင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း-တံတား အသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) တချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့်ပထမ (၃) နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်၊ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရန်ဖြစ်သည်-

(၁) ပထမ (၃)နှစ်အတွက် - ကင်းလွတ်ခွင့်ကာလ
(၂) ၄ နှစ်မြောက်မှ ၁၃ နှစ်မြောက်အထိ (၁၀)နှစ် - ၁၅% ပေးသွင်းရန်
(၃) ၁၄ နှစ်မြောက်မှ ၂၃ နှစ်မြောက်အထိ (၁၀)နှစ် - ၁၀% ပေးသွင်းရန်
(၄) ၂၄ နှစ်မြောက်မှ ၃၃ နှစ်မြောက်အထိ (၁၀)နှစ် - ၁၅% ပေးသွင်းရန်
(၅) ၃၄ နှစ်မြောက်မှ ၄၀ နှစ်မြောက်အထိ (၇)နှစ် - ၂၀% ပေးသွင်းရန်
(၆) ၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။

(ဖ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းအသုံးပြုခကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယား များကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ဇန်နဝါရီလ(၁)ရက်မှ ထိုနှစ် ဒီဇင်ဘာလ(၃၁) ရက်နေ့အထိ စနစ်တကျတိကျမှန်ကန်စွာပြုစုထားရမည်၊ တစ်နှစ်တာလမ်းအသုံးပြုခကောက်ခံ ရငွေများစာရင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန် တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏နှစ်ဆန်း ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်း အလိုက် ပေးသွင်းရမည့်ရာခိုင်နှုန်းအရ ကျသင့်ငွေပမာဏကို ပေါ်ပြအသိပေးအကြောင်းကြားရမည်။

(ဘ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများစာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း "လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူ" မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေ လွှဲလွှာ (သို့မဟုတ်) ချိုးသားချက်လက်မှတ်ဖြင့်ပေးသွင်းရပါမည်၊ နိုင်ငံတော်သို့ ပေးသွင်း ရမည့်ငွေပမာဏကိုရက်ပေါင်း(၉၀)အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထား ငွေသွင်းချလံ ကို(၇)ရက်အတွင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်ပြ ရပါမည်၊ အဆိုပါပေးသွင်းရမည့်သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ် ကြေးအဖြစ် (၁)ရက်လျှင် ပေးသွင်းရမည့် ငွေ (၁၀၀) ကျပ်လျှင် (၁)ကျပ်နှုန်း အပိုဆောင်း ပေးသွင်းရမည်၊ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေး တို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်၊ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေး သွင်းခြင်းကို အစစ်ဆေးခံသည့်နှစ်၏ နောက်ပြက္ခဒိန်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထက် မကျော်လွန်စေရပါ။

(မ) ညှိနှိုင်းထားသော ဒေတာဆက်ခံနှုန်းများအတိုင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ထောက်ပံ့ရာတွင်အကျိုးအမြတ်မရရှိမှု၊ အရှုံးပေါ်မှုများ ရှိလာပါက ပေးဆောင်ရမည့်သည့်လစဉ်အသုံးပြုခနှုန်းထားများကို ညှိနှိုင်း ပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည်။ ထိုသို့ပြုလုပ်ခြင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ တောင်းခံချက်အရ ခိုင်မာထားသည့် (၁) နှစ်ချုပ် ဝင်ငွေ၊ ထွက်ငွေ၊ အရှုံးအမြတ် စာရင်း ဇယားသတ်မှတ်ချက်ကို အထောက်အထားနှင့် ပူးတွဲတင်ပြရမည်။

(ယ) ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ နှစ် (၄၀) ပြည့်ပြီးနောက် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ အကျိုးအမြတ် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ ကြောက်ခံမှုသက်တမ်းကာလကို (၁) ကြိမ်လျှင် (၅) နှစ်ဖြင့် (၃) ကြိမ်အထိ သက်တမ်းတိုးမြှင့်၍ ကောက်ခံခွင့်ရရှိရေးအတွက် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်ပြနိုင်သည်။

(ရ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့်မပြုရ။

(လ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် တရားဝင်ကိုယ်စားလှယ်နှင့်ရှိ ညှိနှိုင်းသူ(များ)၏အမည်၊ ကိုယ်ရေးအချက်အလက်များကို လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ထုတ်ပေးသည့်နေ့မှ (၁၄) ရက်အတွင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်ပြရမည်။

(ဝ) ယင်းကိုယ်စားလှယ်သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်များ ပြင်ဆင်ထားရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို အပြည့်အဝ ဆောင်ရွက်ပေးရမည်။

(သ) ယင်းကိုယ်စားလှယ်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည့်အခါ သင့်လျော်သူတစ်ဦးကို အစားထိုးခန့်ထားပြီးနောက် အစားထိုးခန့်ထားကြောင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ အကြောင်းကြားရမည်။

လုပ်ငန်းအာမခံ (Performance Bank Guarantee)

၆။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် စာချုပ်ချုပ်ဆိုပြီး (၃၀) ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ (၁) ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသောဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်း နိုင်ခွင့်မရှိသော "လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံသို့ ပေးအပ်ရမည်။ အဆိုပါ ဘဏ်အာမခံ၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်သည့်အထိ ဖြစ်သည်။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းစတင်ရန်အကြောင်းကြားစာရရှိပြီး (၃၀) ရက်အတွင်း လုပ်ငန်း စတင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဘဏ်အာမခံငွေကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က သိမ်းယူရမည်၊ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း (၃၀) အတွင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ထံ ပြန်လည်ထုတ်ပေးရမည်။

လမ်း-တံတားအသုံးပြုခကောက်ခံခြင်း

၇။ လမ်း-တံတားအသုံးပြုခကောက်ခံရန် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ အဆိုပြုတင်ပြလာသည့်လမ်းအပိုင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က သဘောတူပါက လမ်း-တံတားအသုံးပြုခ ကောက်ခံသည့်ဂိတ်ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က အဆင့်မီသော Steel ၊ Aluminium ၊ Brick Structure or Composite တို့ဖြင့် ခိုင်ခံ့တာရှည်ခံအောင် ဆောက်ရမည်။ [ဂိတ်တည်နေရာကို နောက်ဆက်တွဲ(ခ) ပါ အတိုင်း]

(ခ) လမ်း–တံတားအသုံးပြုခ ကောက်ခံခွင့်ပြုထားသော လမ်းမကြီးနှင့် ဆက်သွယ်နေသည့် အခြားလမ်းများမှ မော်တော်ယာဉ်များအတွက် လမ်း–တံတားအသုံးပြုခကောက်ခံရန် လိုအပ်သည့်နေရာများတွင် အဆင့်မီ ဂိတ်များ တည်ဆောက်ခွင့်ပြုသည်။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က လိုအပ်၍ တင်ပြလာလျှင် ဂိတ်(၁)ဂိတ်ထက်ပို၍ တည်ဆောက်ခွင့်ပြုမည်။

(ဂ) လမ်း–တံတားအသုံးပြုခကို လမ်းအပိုင်းလိုက် မိုင်အရှည်နှင့် လမ်းအသုံးပြုခ(၁)မိုင်နှုန်း မြှောက်၍ ရသည့်ကျသင့်ငွေစုစုပေါင်းကို ဂိတ်မှငွေလက်ခံပြေစာပိုင်းပေး၍ တစ်ပေါင်းတည်းကောက်ခံရမည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် မိမိအားခွင့်ပြုထားသည့် လမ်းအပိုင်းထဲ[illegible]တန်ပိုကြီးအား(၂၀)တန်အထက်တန်ပို(၁)တန်အတွက်(၁)မိုင်ကို (၄/၁၇)ကျပ်နှုန်းထားဖြင့် (၃)ကြိမ်သာ ကောက်ခံခွင့်ရှိသည်။

(င) လမ်း–တံတားအသုံးပြုခကောက်ခံရန် ခွင့်ပြုသည့်နေရာတိုင်းတွင် ကုန်ချိန်ကတ္တားတည်ဆောက်ခွင့်ပြုမည်မဟုတ်ပါ။

(စ) လမ်း–တံတားအသုံးပြုခကောက်ခံရန် တည်ဆောက်ထားသော ဂိတ်အဝင်အထွက်နေရာများသည် အနည်းဆုံး (၄)လမ်းသွား အဆင့်မီ ဖြစ်ရမည်။

(ဆ) မလိုလားအပ်သော အုပ်ချုပ်မှုကိစ္စများ မပေါ်ပေါက်စေရန်အတွက် လမ်း–တံတားအသုံးပြုခကောက်ခံသည့်ဂိတ်များကို လုံခြုံရေးဂိတ်အဖြစ် အသုံးမပြုရ။

(ဇ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ သဘောတူညီချက်ဖြင့် ယာဉ်သွားလမ်းအားလုံးနှင့် သတ်မှတ်မိုင်အရှည်ကို ကတ္တရာလမ်းဖောက်လုပ်ခင်းပြီး၍ လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ရရှိပါက လမ်းအသုံးပြုခကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က [illegible]ကောက်ခံနိုင်သည်။

လမ်း–တံတားအသုံးပြုခကောက်ခံနှုန်းများ

၈။ လမ်း–တံတားအသုံးပြုခကောက်ခံနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လမ်းအသုံးပြုခကောက်ခံနှုန်း။ လမ်းအသုံးပြုခကောက်ခံသော ဂိတ် (၁) ဂိတ်ကို ယာဉ်တစ်စီး ဖြတ်သွားတိုင်းပေးဆောင်ရမည့် လမ်းအသုံးပြုခနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁)	၁ တန်အောက် ယာဉ်ငယ်များ	–	၁ မိုင်လျှင်	၂/၀၈	ကျပ်
(၂)	၁ တန်မှ ၃ တန်ထိ ယာဉ်များ	–	၁ မိုင်လျှင်	၆/၂၅	ကျပ်
(၃)	၅ တန်အောက် ကားကြီးများ	–	၁ မိုင်လျှင်	၁၀/၄၂	ကျပ်
(၄)	၁၀ တန်အောက် ကုန်တင်ယာဉ်ကြီးများ	–	၁ မိုင်လျှင်	၂၀/၈၃	ကျပ်
(၅)	၂၀ တန်အထိ ကုန်တင်ယာဉ်ကြီးများ	–	၁ မိုင်လျှင်	၄၁/၆၇	ကျပ်
(၆)	၂၀ တန်အထက် တန်ပို ၁ တန်လျှင်	–	၁ မိုင်လျှင်	၄/၁၇	ကျပ်

(ခ) တံတားအသုံးပြုခကောက်ခံနှုန်း၊

(၁) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ခွင့်ပြုထားသောလမ်းအပိုင်းပေါ်ရှိ တံတားများအသုံးပြုခကို ကောက်ခံရာတွင် ပေ (၁၈၀) နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား [illegible] ပြင်ဆင်လည်းကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" တို့၏ ညှိနှိုင်းသဘောတူညီသည့် နှုန်းထားဖြင့်သာ ကောက်ခံရန်ဖြစ်သည်။

(ဂ) နှုန်းထားများကို ဤစာချုပ်အရ မညှိနှိုင်းမီ သတ်မှတ်ထားစေကာမူ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံသွားရန်ဖြစ်ပါသည်၊ သို့ရာတွင် အောက်ဖော်ပြပါယာဉ်များကိုကင်းလွတ်ခွင့်ပြုရန်(သို့မဟုတ်)သင့်လျော်သောအလျှော့နှုန်းထားဖြင့် ကောက်ခံရန်ဖြစ်ပါသည်-

(၁) ဆက်သွယ်ရေးအဆောက်အအုံအသုံးအဆောင်ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အထက်အရေးကြီးပုဂ္ဂိုလ်လိုက်ပါလာသည့် ယာဉ်တန်းများ၊ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မီးသတ်ယာဉ်များ၊ သူနာပြုယာဉ်များအဖြစ် လုပ်ငန်းတာဝန်ဖြင့် ခရီးသွားလာသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) မှ လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ကဒ်များနှင့်-သိုးခြားခွင့်ပြုမိန့်လက်မှတ်ပါသည့်ယာဉ်များကို လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၂) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်သွားလာသည့် မော်တော်ယာဉ်များကို လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၃) နိုင်ငံတော်အတွက် ထူးထူးခြားခြား တာဝန်ထမ်းဆောင်ခဲ့ကြပြီး အမြဲတမ်းအငြိမ်းစားယူသွားသောပုဂ္ဂိုလ်ကြီးများနှင့် ၎င်းတို့၏မိသားစုအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တရားဝင်အထောက်အထားအဖြစ် ဂုဏ်ပြုထုတ်ပေးထားသော လမ်း-တံတားအသုံးပြုခ ရာသက်ပန်ကင်းလွတ်ခွင့်လက်မှတ်ကိုင်ဆောင်၍ ကိုယ်တိုင်လိုက်ပါသွားလာသည့်မော်တော်ယာဉ်များကို လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၄) လုပ်ကိုင်ခွင့်ရလမ်းအပိုင်းရှိဒေသမှပြည်တွင်းစားသုံးမှုအတွက် ဒေသထွက်အခြေခံစားသောက်ကုန်ပစ္စည်းများသယ်ဆောင်သွားသည့် မော်တော်ယာဉ်များကို သင့်လျော်သော လမ်း-တံတားအသုံးပြုခနှုန်းထားဖြင့် လျှော့၍ ကောက်ခံရန်။

(၅) နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်သော ပြည်ပထုတ်ကုန်/သွင်းကုန်များကို ဌာနဆိုင်ရာထောက်ခံချက်အထောက်အထားဖြင့် သယ်ဆောင်သွားလာသည့်မော်တော်ယာဉ်များကို သင့်လျော်သော လမ်း-တံတားအသုံးပြုခနှုန်းဖြင့် လျှော့၍ ကောက်ခံရန်။

မိုင်အရှည်၊ နေ့ရက်၊ အချိန်နှင့်ကာလ

၉။ မိုင်အရှည်၊ နေ့ရက်၊အချိန်နှင့် ကာလတို့ကို အောက်ပါအတိုင်းသတ်မှတ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပုဂံ-ညောင်ဦး-မြင်းခြံလမ်း၏ ညောင်ဦး-မြင်းခြံ အပိုင်း မိုင် ၀/၀ မှ ၄၀/၂ ထိ ၄၀/၂ မိုင်ကို ပုံစံပြုရန်နှင့် ဖောက်လုပ်တည်ဆောက်ရန်။

(ခ) "လုပ်ငန်းစတင်သည့်နေ့" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ လုပ်ငန်းစတင်ရန် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ကို အကြောင်းကြားသည့်နေ့ဖြစ်သည်။ (၁၁.၁၂.၂၀၀၈) နေ့ကို လုပ်ငန်းစတင်သည့်နေ့ သတ်မှတ်သည်။

(ဂ) "လုပ်ငန်းကာလ" ဆိုသည်မှာ-

(၁) ဤပဋိညာဉ်စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားသည့်နေ့မှစ၍ (၃)နှစ်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရမည်။

(၂) ပေ (၁၀၀)နှင့်အထက်တံတားများ တည်ဆောက်ချိန်ကို (၅)နှစ် သတ်မှတ်ပေးထားပါသည်။

(ဃ) "နေ့ရက်" ဆိုသည်မှာ ပြက္ခဒိန်နေ့ရက် ဖြစ်ပြီး "နှစ်" ဆိုသည်မှာ ပြက္ခဒိန်နှစ်ဖြစ်သည်။

လုပ်ငန်းတန်ဖိုး

၁၀။ စာချုပ်တွင် ချုပ်ဆိုသည့် လမ်းအပိုင်းအတွက် လမ်းနှင့် တံတား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ (၅၉၇၀.၂၈) သန်း (ကျပ် ငါးထောင့်ကိုးရာခုနစ်ဆယ်သန်းတိတိ) ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်နှင့်တိုးတက်မှု

၁၁။ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုကို အောက်ပါအတိုင်း တင်ပြရပါမည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းစတင်သည့်နေ့ မှ (၂)လ အတွင်း " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်သွင်းရမည်။

(ခ) " လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လစဉ်တိုးတက်မှုအစီရင်ခံစာ (နှစ်ဖက် သဘောတူ၍ လက်မှတ်ထိုးထားသည့်ပုံစံဖြင့်)ကို မိတ္တူ (၆) စုံ ပြုစုပြီး "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်သွင်းရမည်။

စစ်ဆေးခြင်း

၁၂။ လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သောအလုပ်သမား၊ ပစ္စည်းများ၊ လျှပ်စစ်၊ လောင်စာ ၊ သိုလှောင်ခန်းများ၊ စက်ပစ္စည်းကိရိယာများ၊ တန်ဆာပလာများနှင့် လုပ်ငန်းဆောင်ရွက်မှု အစရှိသည်တို့ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ကလိုအပ်သလို ထိရောက်စွာစစ်ဆေးရန်နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"အထောက်အပံ့ပြုရန်အတွက် စာရွက်စာတမ်းအထောက်အထားများ၊ သတင်းအချက်အလက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးရမည်၊ လမ်းဖောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းပြီးဆုံး၍ လုပ်ငန်းစတင် ဆောင်ရွက်သည့် အချိန်မှ စ၍ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ကောက်ခံရရှိသော လမ်း-တံတားအသုံးပြုခငွေများနှင့် စပ်လျဉ်းသည့် စာရင်းအင်းများအပြည့်အစုံ စနစ်တကျထားရှိရမည်၊ အဆိုပါစာရင်းအင်းများကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ကအခါအားလျော်စွာ စစ်ဆေးခွင့်ရှိရမည်။

ကန့်ကွက်ခြင်း

၁၃။ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ လမ်း-တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း (သို့မဟုတ်) ပတ်မှတ်ခံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ချို့ယွင်းမှု (သို့မဟုတ်) ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှုတွေ့ရှိရပါက "လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူ" က ကန့်ကွက်နိုင်သည့်အပြင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"ထံ ချက်ချင်းအကြောင်းကြားရမည်၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် ချို့ယွင်းချက်ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"၏စရိတ်ဖြင့် ကောင်းစွာ ပြန်လည်ဆောင်ရွက် ပေးရန်နှင့် ကန့်ကွက်ခံရသည့်ပစ္စည်းများကို ပဋိညာဉ်စာချုပ်နှင့်အညီ ဖြစ်စေရန် တာဝန်ယူရမည်။

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) "မလွန်ဆန်နိုင်သောဖြစ်ရပ်" ဆိုသည်မှာ သဘာဝ ဘေးအန္တရာယ်များ၊ အစိုးရတားမြစ်ချက်များ၊သပိတ်မှောက်ခြင်းများ၊ သောင်းကျန်းမှုများ၊ အဓိကရုဏ်းများ၊ ရောဂါဘယကျရောက်ခြင်းများ၊ ပြည်သူတို့၏နှောင့်ယှက်ရန်ပြုမှုများ၊ ပေါက်ကွဲမှုများ၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေလျှောင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် တစ်ဦးဦးက ထိန်းချုပ်နိုင်စွမ်းမရှိသောထိုက်သင့်သောဂရုပြုမှု၊ ဝီရိယစိုက်ထုတ်မှုပြုလျက်နှင့် တစ်ဦးဦးက ကျော်လွှားနိုင်ခြင်းမရှိသော ပေါ်ပြခဲ့ပြီးသည့်အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

(ခ) စာချုပ်လုပ်ငန်းပြီးမြောက်သည့် မလွှဲမရှောင်သာသော အကြောင်းကြောင့် ရပ်ဆိုင်းသွားလျှင် [illegible] အောင်ဆောင်ရွက်ရန် [illegible] ဖြစ်ပါက ရှိ ရုံးအထောက်အထားဖြင့် တင်ပြ [illegible] ဆောင်ရွက်နိုင်မှု [illegible] အကြောင်းအရာများကို ဖော်ပြလျက် လုပ်ဆောင်နိုင်မှုမရှိကြောင်း [illegible] (၁၄) ရက်အတွင်း စာချုပ်ဖွဲ့ တစ်ဖက်သို့ အကြောင်းကြား [illegible] အကြောင်းကြားစာရရှိခြင်းကို ဝန်ခံကြောင်း [illegible] ပြောကြားရမည်။

(ဂ) မလွှဲမရှောင်သာသော အကြောင်းဖြစ်ပြီး [illegible] စာချုပ်ပါ တာဝန်များကို အခြား စာချုပ်ဝင်တစ်ဖက်၏ [illegible] ဖြစ်နိုင်မှုဖြစ်ပေါ်လာသည့် ကာလအတွင်း [illegible] ရပ်ဆိုင်းထားရမည်။ [illegible] မဖြစ်နိုင်မှု ပြီးပေါ်ရသည့် အကြောင်းအရာ [illegible] ရမည်။ (၁၄) [illegible]

[illegible]

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏ ပျက်ကွက်မှု [illegible]

၁၇။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏ ပျက်ကွက်မှုနှင့် [illegible]

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် [illegible] လျှင်ဖြစ်စေ၊ စာချုပ်ပါလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုလျှင်ဖြစ်စေ၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က [illegible] အတွင်း အကြောင်းကြားပြီး [illegible] နိုင်သည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏ ပျက်ကွက်မှုကြောင့် စာချုပ်တွင် ဖော်ပြထားသော ကာလအတွင်း လုပ်ငန်းပြီးစီးမှုအတွက် လုပ်ငန်း [illegible] ရက်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် (၁) ရက်လျှင် ရှေးနိုင်ငံခြားငွေ [illegible] (မြန်မာငွေ + US $)၏ (၀.၁) ရာခိုင်နှုန်းကို ပေးသွင်းရမည်။ [illegible] အမေရိကန်ဒေါ်လာတန်ဖိုးကို တရားဝင် ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ရန်ဖြစ်သည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် စာချုပ်တွင် သတ်မှတ်ထားသော ကာလအတွင်း စာချုပ်ပါ လုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏ လုပ်ငန်း မပြီးစီးသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် [illegible] ပါက စာချုပ်ပါလုပ်ငန်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ သိမ်းယူခွင့်ရှိသည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပဋိညာဉ်စာချုပ်၏ သက်တမ်းကာလအတွင်း ပစ္စည်း ကိရိယာများ အဆင့်မြင့်တင် [illegible] ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်း [illegible] အသုံးပြုမှုများ [illegible] ခြင်း စသည်တို့ကို လမ်းမကြီးများ ဦးစီးဌာနအညွှန်း [illegible] ခြင်းမရှိပါက စာချုပ်ပါလုပ်ငန်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ သိမ်းယူခွင့်ရှိသည်။

ပြောင်းလဲခြင်းများ

၁၆။ ပြောင်းလဲခြင်းများကို အောက်ပါအတိုင်း လိုက်နာရမည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် ပဋိညာဉ်စာချုပ်သက်တမ်းကာလအတွင်း "လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ" အား အခိုပြုလွှာ တင်သွင်းရန် [illegible] ကြားချက်ဖြစ်စေ၊ [illegible] ကြား ချက်များ [illegible] ဖြစ်စေ၊ အခါအားလျော်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ လုပ်ငန်းပြောင်းလဲရေးအတွက် အဆိုပြုလွှာတင်သွင်းရန် ညှိနှိုင်းသည့်အခါ တင်ပြလာသည့် အဆိုပြုလွှာအပေါ် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ တရားဝင်အတည်ပြုချက်မရရှိဘဲ ကြိုတင်ဆောင်ရွက်ခြင်းမပြုရ။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ လုပ်ငန်းပြောင်းလဲဆောင်ရွက်ရေးအတွက် အဆိုပြုလွှာ တင်သွင်းရန် တောင်းဆိုလာပါက "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အနေဖြင့် အောက်ဖော်ပြပါ အတိုင်းဆောင်ရွက်ရမည်-

(၁) ပြောင်းလဲအဆိုပြုမည့်လုပ်ငန်း အမျိုးအစားအလိုက် အသေးစိတ်ဖော်ပြလွှာ လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းဝိမ်ချက်များ ရေးဆွဲတင်ပြရမည်။

(၂) လိုအပ်သောအသေးစိတ်ပြုပြင်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အတွက် "လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ" ၏ အဆိုပြုလွှာနှင့်ရေးဆွဲတင်ပြခြင်း။

(၃) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" အနေဖြင့် အဆိုပြုလွှာ လက်ခံရရှိပြီး နောက် (၁၄) ရက်အတွင်းအတည်ပြုအမိန့် (သို့မဟုတ်) ကန့်ကွက်လွှာများ(သို့မဟုတ်) ဆောင်ရွက်နိုင်းသည့်အမိန့်များ ထုတ်ပြန်ပေးရမည်။

(၄) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် မိမိ ညှိနှိုင်းသည့် မည်သည့်လုပ်ငန်း ပြောင်းလဲခြင်းမဆို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အတွက် အပိုကုန်ကျစရိတ်မှုများ မရှိစေရန် အထူးသတိထားဆောင်ရွက်ရမည်။ မည်သည့်လုပ်ငန်းပြောင်းလဲခြင်းမှ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ အတည်ပြုချက်မရယူဘဲ ညှိနှိုင်းခွင့်ခြင်း မပြုရ။

(၅) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် လုပ်ငန်းပြောင်းလဲခြင်းအား အတည်ပြုပြီး (သို့မဟုတ်) ဆောင်ရွက်ရန် ညှိနှိုင်းပြီးတိုင်း ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ကာလ အား ပြန်လည်ပြင်ဆင်သတ်မှတ်ရန် ဆုံးဖြတ်ချက်(သို့မဟုတ်)သဘောတူညီချက် ရရှိအောင် ဆက်လက်ဆောင်ရွက်ပေးရမည်။

ပဋိညာဉ်စာချုပ်ကိုပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်း

၁၇။ အောက်ပါအချက်များပေါ်ပေါက်လာလျှင် ဆောင်ရွက်မည်-

(က) နိုင်ငံတော်မှ ထပ်မံပြင်ဆင်သတ်မှတ်လိုက်သော ဥပဒေများအရ ဤပဋိညာဉ်စာချုပ်ကို ပြင်ဆင် ဖြည့်စွက်ရန် ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ပြင်ဆင် ဖြည့်စွက်နိုင်သည်။

(ခ) ပဋိညာဉ်စာချုပ်ကို အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်သိမ်းနိုင်သည်-

(၁) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်။

(၂) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ခုခုတစ်ရာကို ချိုးဖောက် လျှင်။

(၃) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သောမလွန်ဆန်နိုင်သည့် ဖြစ်ရပ်တစ်ခုခုသည် (၆)လ ဆက်တိုက်ပေါ်ပေါက်လျှင်။

(၄) ဤစာချုပ်ကို ရုပ်သိမ်းရန် နှစ်ဦးနှစ်ဖက်သဘောတူလျှင်။

(ဂ) ဤပဋိညာဉ်စာချုပ်ကို ရုပ်သိမ်းခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရ အဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်အတည်ဖြစ်စေရမည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်း

၁၈။ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" တို့အကြား စာချုပ်နှင့် စပ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းစွာဖျန်ဖြေသော ပြေလည်မှုရရှိရေးအတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင်ဆောင်ရွက်ရမည်၊ နှစ်ဦးနှစ်ဖက်အကြား အငြင်းပွားမှုကို ပြေလည်အောင် မဖြေရှင်းနိုင်ပါက ၎င်းအငြင်းပွားမှုကို အနုညာတနည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ဖြေရှင်းရမည်၊ အနုညာတ ခုံလူကြီးတစ်ဦးစီကို စာချုပ်ဝင်တစ်ဖက်စီက ခန့်ထားပြီး၎င်းအငြင်းပွားမှုကို ဖြေရှင်းပါလျက် အငြင်းပွားမှု မပြီးပြတ်ပါက ခုံလူကြီးနှစ်ဦးက နောက်ဆုံးအဆင့် ခုံသမာဓိလူကြီး (Umpire) တစ်ဦးကို နှစ်ဦးသဘောတူရွေးချယ်ဆုံးဖြတ်စေရမည်၊ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) ခုံသမာဓိလူကြီး ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်၊ အနုညာတခုံဖြင့် ဆောင်ရွက်ရာတွင် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ဆုံးဖြတ်ခြင်း အနုညာတ အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေ အမှတ်-၄/၁၉၄၄) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ရမည်၊ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

ပဋိညာဉ်ပြီးဆုံးခြင်း

၁၉။ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စာချုပ်ပါလုပ်ငန်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ အပြည့်အဝ ပြီးဆုံးအောင် ဆောင်ရွက်ပြီးစီးသည့်အခါမှသာ ပဋိညာဉ် ပြီးဆုံးသည်ဟု မှတ်ယူရမည်။

လွှဲပြောင်းပေးခြင်း

၂၀။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤပဋိညာဉ်စာချုပ်အရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ကာလ နှစ်(၄၀) (သို့မဟုတ်)လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါလမ်း နှင့် တံတားများ၊ ဂိတ်များ နှင့် အဆောက်အအုံများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသောကောင်းမွန်သည့် အနေအထားအတိုင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"အား အပိုးစားနား၊ တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းပေးရမည်။

စာချုပ်၏ အစိတ်အပိုင်းများ

၂၁။ ဤစာချုပ်ပါ နောက်ဆက်တွဲများသည် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၂။ ပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့်ရေးသားဆက်သွယ်ရန် လိပ်စာမှာအောက်ပါအတိုင်းဖြစ်သည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၁၁)
နေပြည်တော်။

နှင့်

မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
တိုက်အမှတ် (A-1)၊ အခန်း (၅၀၈)၊ ရွှေဂုဏ်သူအိမ်ရာ၊
အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့

ပဋိညာဉ်စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့နှင့်သက်တမ်းကာလ

၂၃။ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ဤပဋိညာဉ်စာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ဤပဋိညာဉ်စာချုပ်၏ သက်တမ်းကာလမှာနှစ် (၄၀) ဖြစ်ပြီး သက်တမ်းစတင်ရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ပေးထားသည့် လုပ်ငန်းကာလ (၃) နှစ်အတွင်း ပဋိညာဉ်စာချုပ် အပိုဒ် ၂ ပါ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်းကာလ (၃) နှစ်ထက်ကျော်၍ ပြီးစီးပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ်ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ်အနက် စောရာနေ့ရက်ကာလမှ စတင်ရေတွက်သတ်မှတ်ရမည်။

(ဂ) ပဋိညာဉ်သက်တမ်းကာလ ဆက်လက်တိုးမြှင့်လိုပါက ပဋိညာဉ်သက်တမ်းကာလ မကုန်ဆုံးမီ (၆) လကြိုတင်၍ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံတင်ပြ၍ နှစ်ဖက်သဘောတူပါက (၁) ကြိမ်လျှင် (၅)နှစ်ဖြင့် (၃) ကြိမ် တိုးမြှင့်နိုင်သည်။

စာချုပ်အစားထိုး ပယ်ဖျက်ခြင်း

၂၄။ ဤစာချုပ်သည် ကုန်သွယ်မှုဝန်ကြီးဌာန၏ (၂၆.၃.၂၀၀၈) ရက်စွဲပါ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၀၈) ဆုံးဖြတ်ချက်ပါ လမ်းညွှန်ချက်များနှင့်အညီ ချုပ်ဆိုရခြင်းဖြစ်ပါသည်။ ပုဂံ-ညောင်ဦး-မြင်းခြံလမ်း၏ ညောင်ဦး-မြင်းခြံအပိုင်းနှင့် စပ်လျဉ်း၍ (၁၁.၁၂.၂၀၀၈) ရက်နေ့က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်တို့အကြား ချုပ်ဆိုခဲ့သော B.O.T. စာချုပ်၊ ကန်ထရိုက်နံပါတ် (၂၀၀၈-၀၉/ ဆီအိုတီ/__) ကို ဤစာချုပ်ဖြင့် အစားထိုးပယ်ဖျက်ကြောင်း နှစ်ဖက် သဘောတူကြပါသည်။

စာချုပ်လက်မှတ်ရေးထိုးခြင်း

၂၅။ ဤစာချုပ်ဝင်များသည် ဤစာချုပ်ပါစည်းကမ်းချက်များကိုကိုယ်တိုင်ဖတ်ရှုသိရှိပြီး အောက်ပါအသိသက်သေများရှေ့မှောက်၌ ၂၀၀၉ ခုနှစ်၊ လ ( ) ရက်နေ့တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးခင်မောင်ဆယ်)
ဦးဆောင်ညွှန်ကြားရေးမှူး

မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
(လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးကျော်စိုးလွင်)
အုပ်ချုပ်မှုဒါရိုက်တာ
မှတ်ပုံတင်အမှတ် ----------

လက်မှတ်

၆၅

သက်သေများ

အမည် ---------------------

မှတ်ပုံတင်အမှတ် ---------------

ရာထူး ---------------------

အမည် ---------------------

မှတ်ပုံတင်အမှတ် ---------------

ရာထူး ---------------------

လက်မှတ်

နောက်ဆက်တွဲ (   )

FORM OF PERFORMANCE BANK GUARNATEE
MYAT NOE THU CONSTRUCTION'S BANK

Ref :
Date :

To : Public Works
Ministry of Construction.
Naypyidaw, Myanmar

PERFORMANCE BANK GUARANTEE NO. ---------------

In consideration of your having concluded the contract for the construction and management of Naung Oo - Myinn Gyan Road Section Project Mandalay Devision, dated ----- --------------- with Myat Noe Thu Construction Co.,Ltd (hereinafter called "Myat Noe Thu Construction") for the development of the Union Highway in Naung Oo - Myinn Gyan and it being a condition of the contract that a performance guarantee of one percent (1%) of the estimated investment cost be established, we (Name of Myat Noe Thu Construction) hereby irrevocably and unicoditionally guarantee to pay you without delay on your first written demand through Myanma Economic Bank/-- Bank, Yangon any amount claimed by you up to the extent of (Bank Guarantee amount) against your written declaration that Myat Noe Thu Construction has refused or failed to execute or perform any of the material terms and conditions of the aforesaid contract including that the activities pertinent ot the construction of Naung Oo - Myinn Gyan Road Section Project shall be commenced within six (6) months and the Project shall be operational within forty - two (42) months from the date of signing of the Contract.This guarantee shall remin valid until (date i.e . forty-two months after the date of signing of the Contract).

Signature : ----------------------
Designation : ----------------------
Bank : ----------------------
City : ----------------------

လမ်း–တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ နောက်ဆက်တွဲ (ခ)

၁။ လမ်းအသုံးပြုခကောက်ခံရန်ဂိတ်များ

(က) အသွားခရီးအတွက်


(၁) ညောင်ဦးဂိတ် မိုင်တိုင်အမှတ် ၂/၆

(က) အပြန်ခရီးအတွက်

(၂) မြင်းခြံဂိတ် မိုင်တိုင်အမှတ် ၃၈/၂

ညောင်ဦး–မြင်းခြံ (0/0 -40/2)

လမ်းကွန်ယက် နှင့် TOLL GATE တည်နေရာပြပုံ



နောက်ဆက်တွဲ (က)


နည်းပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များ
TECHNICAL SPECIFICATIONS

In general, the Geometric Design Criteria and Standards to be adopted shall be guided by the traffic volume and to a reasonable level of service. All works shall be constructed to specification and to acceptable engineering standards.

The following Geometric Design Criteria and Standards shall be followed

1. Design Speed (m.p.h)		
Rural Areas	50	
Urban Areas	40	
2. Number of Lanes	2	(Bituminous)
3. Width of each lanes (feet)	12'	
4. Right of way (feet)	200'	
5. Width of shoulder (feet) (Hard Shoulders)	6'	
6. Width of formation (feet)	80'	
7. Maximum Grade (%)	4	
8. Vertical Clearance (feet)	17	
9. Bridge Loading	AASHTO HS 20-44	
10. Pavement Load (Maximum)	60 tons	

နောက်ဆက်တွဲ (က)



လမ်းဖြတ်ပိုင်းပုံ

01/12/2009 MEB-MEB3
A/C No : K0885
Ch. No : (25)
Cash[Cr] ~~K1500000.00~~
K 11500000.00

K-0885 မြန်မာ့စီးပွားရေးဘဏ် ... ငွေသား

ငွေပေါင်း ကျပ်

ပေးသွင်းပါကြောင်း၊

	ကျပ်	ပြား
ငွေစက္ကူများ ...	11500,000.	
အကြွေများ ...		
ငွေပေါင်းချုပ်	11500000.	

ငွေကိုင် ငွေကိုင်ချုပ်

တာဝန်ခံအရာရှိ

ဘဏ - ၁၁(က)

(ငွေပေးသွင်းသူလက်မှတ်)

အမည် ...

[illegible]

နေ့ရောက်အမှုအမျိုး [illegible]

အမှတ်စဉ် [illegible]	[illegible]	
[illegible]	ကျန်ရှိ	ပြီး
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]ငွေ	[illegible]	[illegible]

[illegible]

ငွေစာရင်းအမှတ် [illegible]
ACCOUNT NO.



ငွေစာရင်းပိုင်ရှင်ဓာတ်ပုံ
ACCOUNT HOLDER PHOTO

ကိုယ်စားလှယ်စာရင်းကိုင် ဓာတ်ပုံ
ATTORNEY HOLDER PHOTO

ကိုယ်စားလှယ်စာရင်းကိုင်၏ အကြောင်းအရာ
PARTICULARS OF ATTORNEY HOLDER

၁။ အမည်
NAME

၂။ မှတ်ပုံတင်အမှတ်
REGISTRATION NO.

၃။ အလုပ်အကိုင်
OCCUPATION

၄။ နေရပ်လိပ်စာ
ADDRESS

၅။ တယ်လီဖုန်းအမှတ်
TELEPHONE NO.

ဤစာအုပ်တွင် စာမျက်နှာ (၃၂) ပါဝင်ပါသည်။
THIS PASSBOOK CONSISTS OF (32) PAGES.

ငွေစာရင်းပိုင်ရှင်၏ အကြောင်းအရာ
PARTICULARS OF ACCOUNT HOLDER
Myat Nay [illegible] Construction Co., Ltd.

၁။ အမည် U Kyaw Soe Lwin
NAME

၂။ မှတ်ပုံတင်အမှတ် 9/Ma Ya Ta (N) 059304
REGISTRATION NO.

၃။ အလုပ်အကိုင် Construction
OCCUPATION

၄။ နေရပ်လိပ်စာ No. 4, Room 506, Shwe Gone Thu Housing, lower Kyee Myin Dine Rd, Kyee Myin Dine Tsp, Yangon.
ADDRESS

၅။ တယ်လီဖုန်းအမှတ်
TELEPHONE NO.

ထုတ်ပေးသည့်ရက်စွဲ 11. 2. 09
DATE OF ISSUE

၄ (4) ၅ (5)

မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်

MYANMA FOREIGN TRADE BANK

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT	ထုတ်ငွေ WITHDRAWAL	လက်ကျန်ငွေ BALANCE US.$	လက်မှတ် SIGNATURE
	20.1.09	FEC T IL	—100 —		—100 —	
Bal. FEC	One hundred only.					
	24.6.09	(CC) 10 AOU 98386	—100 868 —		—100 968	
Bal. US$ One hundred thousand eight hundred sixty eight only.						
	FEC [illegible]	[illegible] hundred only.				
	30.6.09	(CC) 10 AOU 98386	—131 000 —			
	"	(CC) 12 AOU 98359	—249 593 —		—481 561 —	
Bal. US$ Four hundred eighty one thousand five hundred sixty one only.						
	FEC One hundred only.					

MNT MYAT NOE THU CONSTRUCTION CO.,LTD.

Bldg.A1, Rm. 508, Shwe Gon Thu Housing, Lower Kyee Myint Daing Rd, Yangon, Myanmar.
Tel : 951-519297, 519321 - Fax : 951-519169 - E.mail: mnt-ygn@myanmar.com.mm

အစည်းအဝေးမှတ်တမ်း

၁။ ကျင်းပသည့်နေ့ရက် – ၂၀၀၈ခုနှစ်ဒီဇင်ဘာလ(၀၁)ရက်။

၂။ ကျင်းပသည့်အချိန် – နံနက်(၀၉:၀၀)နာရီ။

၃။ ကျင်းပသည့်နေရာ – ကုမ္ပဏီရုံးခန်း။

၄။ တက်ရောက်ကြသူများ

(၁) ဦးကျော်စိုးလွင် အုပ်ချုပ်မှုဒါရိုက်တာ

(၂) ဒေါ်သူသူတင် ဒါရိုက်တာ

၅။ အစည်းအဝေးဆုံးဖြတ်ချက်များ

မြတ်နိုးသူကုမ္ပဏီလီမိတက် နှင့် မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (၂)ခုလုံး၏ဒါရိုက်တာအဖွဲ့ဝင်များမှာ မိမိတို့(၂)ဦးပင်ဖြစ်သောကြောင့် မြတ်နိုးသူကုမ္ပဏီလီမိတက် ၏ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်ရှိနိုင်ငံခြားငွေစာရင်းအမှတ် 1DA - 04- 98386 မှနိုင်ငံခြားငွေများကို မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ၏ငွေကြေးသုံးစွဲမှုများတွင်လည်း အသုံးပြုရန်ဆုံးဖြတ်ကြပါသည်။

ပူးတွဲ

THU THU TIN
DIRECTOR

KYAW SOE LWIN

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ......၈၇၆...... /၂၀၀၈-၂၀၀၉

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် .... အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ လ ၁၃ ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ကုမ္ပဏီများမှတ်ပုံတင်အရာရှိ

ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR

MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ......876...... of 2008 - 2009

I hereby certify that ......MYAT NOE THU CONSTRUCTION COMPANY...... ......LIMITED...... is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this ......THIRTEENTH...... day of ......OCTOBER TWO THOUSAND AND EIGHT ....

Registrar of Joint Stock Companies

Companies Registration Office

ဤကာတွန်းကိုမှတ်ပုံတင်လက်ခံမှတ်သည့် မှတ်ပုံတင်ရက်စွဲ (၁၃-၁၀-၀၈) မှ (၁၂-၁၀-၁၀) ရက်နေ့ထိ (၂)နှစ်သက်တမ်းအတွက်သာဖြစ်သည်။ သက်တမ်းမကုန်ဆုံးမီ (၃)လအလိုတွင် သက်တမ်းတိုးရန် ကာတွန်း မှတ်ပုံတင်ရုံးသို့ လျှောက်ထားရမည်။

ကာတွန်းများမှတ်ပုံတင်အရာရှိ (ကိုယ်စား)

တင်တင်ဝင်း

ကာတွန်းများမှတ်ပုံတင်အရာရှိ (ကိုယ်စား)

ညာင်ထင်ဝင်း - လက်ထောက်မက်ပါတက်ကတ

မိတ္တူ

၇၇

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : MYAT NOE THU CONSTRUCTION CO.,LTD

Presented by : U Kyaw Soe Lwin

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1. U Kyaw Soe Lwin	Myanmar 9/Ma Ya .. Ta (Naing)059784	No.647 Between 87th & 37th Street , Hayma Marlar North, Mahar Aung Myay Township, Mandalay.	Merchant	Appointed As Managing Director w.e.f(7.11.08)
2. Daw Thu Thu Tin	Myanmar 12/Ma Ga De (Naing)012139	No.327, Ngu Wah Street, Shwe Nanthar Ward, Pearl Myothit, Mingaladon Township, Yangon.	Merchant	Appointed As Director w.e.f(7.11.08)

NOTE :

(1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place .... " and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date change against the entry.

Dated this 7.11.2008

MYAT NOE THU CONSTRUCTION CO.,LTD
No.
Date

မိတ္တူ

Signature U Kyaw Soe Lwin

Designation Managing Director
Myat Noe Thu Constructio